# ကုန်းဘောင်ခေတ်အမေးအဖြေကျမ်းများလေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မခင်ခင်သိန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "ကုန်းဘောင်ခေတ် အမေးအဖြေကျမ်းများလေ့လာချက်" ဖြစ်ပါသည်။ တစ်ခေတ်တစ်ခါက မြန်မာစာပေနယ်တွင် ထင်ထင်ရှားရှားတည်ရှိခဲ့ပြီး ယခုအခါ တိမ်မြုပ်နေသော ရေးစကားပြေအဖွဲ့ပုံစံတစ်မျိုး၏ သဘောသဘာဝနှင့် အနှစ်သာရတို့ကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် ဤကျမ်းကိုပြုစုပါသည်။ မြန်မာစာပေသမိုင်းတွင် ခေတ်အသီးသီး၊ စကားပြေပုံစံအမျိုးမျိုးရှိသည့်အတွက် ကျမ်း၏ နယ်နိမိတ်ကို ကုန်းဘောင်ခေတ် (မ–၁၁၁၅–မ၁၂၄၇) အတွင်းပေါ်ထွန်းလာသော အမေးအဖြေ ကျမ်းများလေ့လာချက်ဟု ကန့်သတ်ပါသည်။ လေ့လာမည့်ကျမ်းများမှာ "**နန်းစဉ်ပုစ္ဆာကျမ်း** (မ–၁၁၁၅–မ၁၁၃၀)"၊ "လက်ဝဲနော်ရထာလျှောက်ထုံးကျမ်း (မ–၁၁၂၀–မ၁၁၂၄)"၊ "**အမေးတော်**ဖြေကျမ်း (မ–၁၁၄၅– မ–၁၁၆၈)"၊ "သမန္တစက္ခုဒီပနီကျမ်း (မ–၁၁၇၀–**မ–၁၁၇၃**)၊ "**ဆောမြို့စားအမေး**ပုံကျမ်း (မ–၁၁၉၁–မ–၁၁၉၂)"၊ နှင့် " ပကိဏ္ဏကဝိသဇ္ဇနာကျမ်း – ၃တွဲ (မ–၁၂၃၁–မ–၁၂၄၅)" တို့ဖြစ်ပါသည် ဤကျမ်းတွင် အမေး အဖြေကျမ်းများ၏ **သမိုင်းအကျဉ်းနှင့်** အမေး အဖြေကျမ်းများ၏ ယေဘုယျလက္ခဏာများသတ်မှတ်ခြင်း၊ **ကုန်းဘောင်ခေတ်မှ** အမေး အဖြေကျမ်းများကို မိတ်ဆက်တင်ပြခြင်းနှင့် ယင်းတို့၏ အကြောင်းအရာ နယ်နိမိတ်ကို ဆန်းစစ်ခြင်း၊ ထိုကျမ်းတစ်ခုစီ၏ မေးနည်းမေးဟန်၊ ဖြေနည်း ဖြေဟန်ဆိုင်ရာ ဝိသေသအချက်များကို သုတေသနပြုခြင်းဟူသောကဏ္ဍများ ပါဝင်ပါသည်။ သုတေသနရလာဒ်အဖြစ် ကုန်းဘောင်ခေတ်အမေး အဖြေကျမ်းများ၏ ယေဘုယျလက္ခဏာ၊ ဝိသေသလက္ခဏာတို့ကို ဖော်ထုတ်တင်ပြထားပါသည်။ ဤကျမ်းသည် အတိတ်ခေတ်၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော စာပေပုံသဏ္ဌာန် တစ်ရပ်ကို ဖော်ထုတ်သုတေသနပြုထားသောကြောင့် မြန်မာစကားပြေသမိုင်း၊ မြန်မာစာပေ သမိုင်းပြုစုရေးတွင် တစ်ခန်းတစ်ကဏ္ဍအဖြစ် အကျိုးရှိစေမည်ဖြစ်ပါသည်။